# အရှေ့–အနောက် ဂိုဏ်းကွဲမှု

အေဒီ ၁၁ ရာစုတွင် ရောမနှင့် ကွန်စတန်တီနိုဘဲလ်တို့၏ အကြားတွင် ကြီးမားသော ဂိုဏ်းကွဲမှု ဖြစ်ခဲ့ပေသည်။ ၎င်းမှ အနောက်တိုင်း ရိုမန်ကာသိုလစ်နှင့် အရှေ့တိုင်း အော်သိုဒေါ့ အသင်းတော်များ အဖြစ် ကွဲပြားခြင်းသို့ ဦးတည်ခဲ့ပေသည်။ ဖီလစ်ခ် ဥပဒေသ ကဲ့သို့ ဩဝါဒဆိုင်ရာ ကိစ္စနှင့် ပုပ်ရဟန်းမင်း၏ လုပ်ပိုင်ခွင့်အာဏာ ကိစ္စ များမှာ ကွဲရခြင်း၏ အကြောင်းများ အတွင်းတွင် ပါဝင်ခဲ့ပေသည်။ သို့သော် ရိုးရာ ယဉ်ကျေးမှုနှင့် လက်တင်နှင့် ဂရိတို့အကြား ဘာသာစကား ဆိုင်ရာ ခြားနားမှုများက ပိုမိုဆိုးဝါးခဲ့ပေသည်။ အဓိကအားဖြင့် အရှေ့တိုင်း အနောက်တိုင်း တစ်ဝက်စီသက်ဆိုင်သော အသင်းတော် များမှာ ပဋိပက္ခတွင်း၌ ဝဲလည်နေခဲ့ရပေသည်။ အထူး သဖြင့် အများကြိုက်လိုက်လျော ဆင်ခြေမှားအား ပြစ်တင်ဝေဖန်သော ကာလနှင့် ပိုတီယန် ဂိုဏ်းကွဲသော ကာလတွင် ပိုမို ဖြစ်ပွားခဲ့ပေသည်။

အရှေ့–အနောက် ဂိုဏ်းကွဲမှု သို့မဟုတ် ဂိုဏ်းကြီးကွဲခြင်းသည် အနောက်တိုင်း အသင်းတော် (လက်တင်) နှင့် အရှေ့တိုင်း အသင်းတော် (ဂရိ) တို့ အကိုင်းများအဖြစ် ပြန့်ကွဲသွားခြင်း ဖြစ်ပေသည်။ ဥပမာအားဖြင့် အ နောက်တိုင်း ကာသိုလစ်နှင့် အရှေ့တိုင်း အော်သိုဒေါ့ တို့ပင် ဖြစ်သည်။ ၎င်းသည် ချာလက်စ်ဒန် သံဃာယနာ Council of Chalcedon မှ ကြေငြာချက်များကို အရှေ့တိုင်းမှ လက်မခံ ပယ်ချပြီးကတည်းက ပထမဦးဆုံး အဓိက ကွဲပြားမှု ဖြစ်ကာ၊ (အရှေ့တိုင်း အော်သိုဒေါ့ဝါဒ Oriental Orthodoxy ကိုကြည့်ပါ။) ပိုမို၍ သိသာ ထင်ရှားခဲ့ပေသည်။ အရှေ့–အနောက် ဂိုဏ်းကွဲမှုမှာ အမည်နာမအားဖြင့် ၁၀၅၄ တွင် ဖြစ်ခဲ့သော်လည်း၊ ပုပ် ရဟန်းဆိုင်ရာ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ဖီလစ်ခ် ဥပဒေကဲ့သို့ ဩဝါဒဆိုင်ရာ အကြောင်းခံများ၌ လက် တင်နှင့် ဂရိအကြား တစိမ်းဆန်နေခဲ့သည်မှာ ကာလများစွာပင် ဖြစ်နေခဲ့ပေပြီ။ သို့သော် အထူးသဖြင့် ရိုး ရာ ယဉ်ကျေးမှုနှင့် ဘာသာစကားပေါ်၌ ပြင်းထန်စွာပင် ကွဲလွဲခဲ့ပေသည်။

တရားဝင် ဂိုဏ်းကွဲမှုမှာ ကွန်စတန်တီနိုဘဲလ်မှာ သင်းအုပ်ဆရာ မိုက်ကယ်လ် စီရူးလားရီးယာ့စ် Michael Cerularius ၏ လက်မခံ ဖီဆန်မှုနှင့် သူ၏ ပုပ်ရဟန်းမင်းဆိုင်ရာ သံတမန်အား လက်မခံခြင်း၏ နောက်ဆက်တွဲ ဖြစ်သည့် အေဒီ ၁၀၅၄ တွင် ဖြစ်ခဲ့ပေသည်။ အေဒီ ၁၂၇၄ လီယွန် ဒုတိယ သံဃာယနာအားဖြင့် လည်းကောင်း၊ ၁၄၃၉ ဘက်စယ် သံဃာယနာ အားဖြင့်လည်းကောင်း ပြန်လည်ညီညွတ်ရေးကို ကြိုးစားခဲ့ပေသည်။ သို့သော်၊ အနောက်တိုင်းနှင့် ယခု "အရှေ့တိုင်း ဝတ်ပြုသော ကာသိုလစ် အသင်းတော် Eastern Rite Catholic Churches" ဟု ခေါ်သော အသင်းတို့သည် ပြန်လည်သင့်မြတ်ရေးကို ရရှိသွားသော်လည်း လိုက်လျောမှုရှိသော သာသနာပိုင်များသည် အော်သိုဒေါ့ အသင်းတော် တစ်ခုလုံးအား ကိုယ်စားပြုခြင်း မရှိချေ။ များမကြာ မီ ၁၉၆၅ ခုနှစ်က ပုပ်ရဟန်းမင်း နှင့် ကွန်းစတန်တီနိုဘဲလ်မှ ဂိုဏ်းချုပ် ဘုန်းကြီးတို့က "အပြန်အလှန် ကြဉ်ဖယ်မှုများကို ရုတ်သိမ်းခဲ့ပေသည်" သို့သော် ဂိုဏ်းကွဲများမှာ ဆက်လက် တည်တံ့ဆဲပင်။

အုပ်စု နှစ်ခုလုံးမှာ ရှေးဦးအသင်းတော်မှ ဆင်းသက်လာခြင်းဖြစ်၍၊ ဘဲ့စ်ရှော့ပ်များမှာ တပည့်တော်များ ဆက်ခံ ခြင်းဖြင့် ဆက်ခံခြင်းဖြစ်ကြောင်း အပြန်အလှန် အသိအမှတ်ပြုကာ၊ သိဒ္ဓိတင်ပေးခြင်းသည်လည်း တရားဝင် ဖြစ် ကြောင်း အပြန်အလှန် အသိအမှတ်ပြုခဲ့ကြပေသည်။ နှစ်ဘက်လုံးမှ ရောမ၏ ဘဲ့စ်ရှော့ပ်သည် အထွဋ်အထိပ် ဖြစ်ကြောင်း အသိအမှတ်ပြုသော်လည်း အရှေ့တိုင်း အော်သိုဒေါ့များက ဂုဏ်ပေးမှုဆိုင်ရာ အထွဋ်အထိပ်သာ ဖြစ်၍၊ အသင်းတော်ဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့် အာဏာမှ အကန့်အသတ်ရှိ၍ အခြားသော သင်းအုပ်ဆရာများ၏ နယ်မြေများအား လွှမ်းမိုးနိုင်မှု မရှိဟူ၍ နားလည်ထားပေသည်။

အရှေ့တိုင်း အော်သိုဒေါ့က ပုပ်ရဟန်းဆိုင်ရာ စနစ်သည် အသင်းတော် အစဉ်အလာတွင် မရှိသည့် သက်ဦး ဆံပိုင် ဘုရင် စတိုင်ဖြစ်သည်ဟု ဆင်ခြင်ပေသည်။

၎င်းနောက်ဆုံး ဆင်ခြင်ချက်မှာ အေဒီ ၁၂၀၄ ခုနှစ် စတုတ္ထ ကရူးဆိတ်တွင် ကွန်စတန်တီနိုဘဲလ်အား သိမ်းပိုက် ဖြုတ်ထုတ်ခဲ့ပြီးနောက် ဆုံးဖြတ်ချက် မြင့်မားလာခြင်း ဖြစ်ပေသည်။ ရိုမန်ကာသိုလစ်များ၏ အရှေ့တိုင်း ခရစ်ယာန် ဆန့်ကျင်မှု ကရူးဆိတ်စစ်သည် မြေထဲပင်လယ်ဒေသမှ ကရူးဆိတ်များနှင့် သီးသန့်မဟုတ်ချေ။ ကွန်စတန်တီ နိုဘဲလ် နှင့် မြင့်မြတ်သော ဥာဏ်စဉ်တော်၏ အသင်းတော် Church of Holy Wisdom အား ဖြုတ်ထုတ်၍၊ လက်တင် အင်ပါယာအား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တည်ထောင်ခြင်းသည် ဘိုင်ဇန်တိုင် အော်သိုဒေါ့ အင်ပါယာအား ကျော်ခြင်းဖြစ်သည် ဟူသော နာကျည်းချက် အမြင်များသည် ယခုခေတ်ထိတိုင် အချို့ရှိနေသေးပေသည်။ များ စွာသော အရှေ့တိုင်း ခရစ်ယာန်များက အနောက်၏ ပြုလုပ်မှုသည် ဘိုင်ဇန်တိုင်အား အားနည်းချိနဲ့သွားစေရန် အဓိက အကြောင်းရင်း တစ်ရပ်ဖြစ်သည်ဟု အမြင်ရှိကြပေသည်။ ဤသည် အင်ပါယာ၏ အောင်နိုင်ခြင်းနှင့် အစွလာမ်တို့ထံ ရှုံးနိမ့်စေရန် ဦးတည်ခဲ့ပေသည်။ ၂၀၀၄ ခုနှစ်တွင် ပုပ်ရဟန်းမင်း ဂျွန်ပေါလ်က ၁၂၀၄ ခုနှစ်က ကွန်စတန်တီ နိုဘဲလ်အား ဖြုတ်ထုတ်ခဲ့ခြင်းကို တရားဝင်တောင်းပန်ခဲ့၍ ထိုတောင်းပန်မှုအား ကွန်စတန်တီနို ဘဲလ်မှ ဂိုဏ်းချုပ် ဘုန်းကြီး လာသိုလိုမျူးက တရားဝင် လက်ခံခဲ့ပေသည်။ ထိုအချိန်က အခိုးခံခဲ့ရသော ပစ္စည်း ပေါင်းများစွာ (မြင့်မြတ်သော ဌာပနာတော်၊ ဥစ္စာခနေများ နှင့် အခြား များစွာသော ပစ္စည်းအမယ်များ) မှာ ဥရောပ တိုင်းပြည်များရှိ မြို့များတွင် လက်ရှိထိ ဆက်လက်ရှိနေ၍ အထူးသဖြင့် ဗင်းနိုက်စ် Venice တွင် ရှိနေပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com